မှန်၏ – များစွာသော တိုင်းသူပြည်သားတို့သည် ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို လေးစားသော ဗုဒ္ဓဘာသာဝင်တို့သာ ဖြစ်ကြသည်၊ ထို ဗုဒ္ဓဘာသာဝင် အများတို့သည် ကောင်းမွန်စွာ နေထိုင်သော ရဟန်းသံဃာတော်များကို ကြည်ညိုကိုးစား အားထားကြသဖြင့် ထို သံဃာတော်များ၏ သြဝါဒကိုလည်း လေးစား ယုံကြည်ကြတုန်းပင် ဖြစ်သည်။

၂။ ယခုအခါ နိုင်ငံတော်၌ ကိုယ်ကျင့်စာရိတ္တ ပြုပြင်ဘို့ရာ ကျယ်လောင်စွာ ကြွေးကြော်လျက်ရှိ၏၊ ဗုဒ္ဓရှင်တော်မြတ်၏ သြဝါဒဒေသနာတော်သည် ထို စာရိတ္တပြုပြင်မှုကို အခြေအမြစ်ကစ၍ တိကျပြတ်သားစွာ ညွှန်ပြတော်မူ၏၊ ထို ဝါဒအတိုင်း မလိုက်နာသူ့ သို့မဟုတ် ပင်ကိုယ်ကောင်းမဟုတ်သူသည် ထိုစာရိတ္တကို ပြုပြင်ထားစေကာမူ "ခွေးမြီးကောက် ကျည်တောက်စွပ်" သကဲ့သို့ မကြာမီပင် နဂိုရ်ပျက်မြဲတိုင်း ပျက်ဘွယ်ရှိ၏၊ ဗုဒ္ဓရှင်တော်မြတ်၏ သြဝါဒကို လိုက်နာသူကား တမင်လာ ဖျက်စေကာမူ စာရိတ္တမပျက်ရုံသာ မက ဆတက်တိုး ထမ်းပိုး သာ၍ ပြောင်ပါလိမ့်မည်၊ [ပင်ကိုယ်ကောင်းနေသူလည်း မည်သည့် ဘာသာဝင် မဆို ဘုရားအလိုတော်နှင့် သင့်လျော်ပြီးသူပင် ဖြစ်၏။]

၃။ သြဝါဒကို အခြေအမြစ်ကစ၍ ထိန်းသိမ်းစောင့်ရှောက်ရသော ဆရာတော် သံဃာတော်များသည် တိုင်းသူပြည်သားတို့၏ စာရိတ္တပြုပြင်မှု၌ အထူး ကြောင့်ကြစိုက်ကြပါမူ တိုင်းသူပြည်သားတို့သည် အဘယ်မှာ